(၁၀) **စပါးရွက်ဖျားဖြူနီမတုတ်ရောဂါ (**ခေါ်) စပါးရွက်နီမတုတ်ရောဂါ

**(White tip nematode)**

**ရောဂါဖြစ်စေသောသက်ရှိ -** ***Aphelenchoides besseyi*** **Christie 1942**

**ရောဂါလက္ခဏာများ**

အပင်ငယ်စဉ်တွင်ကျရောက်ပါက ရွက်ဖျားများ(၃-၅)လက်မခန့် ဖြူနေသည်ကို တွေ့ရမည်။ နောက်ပိုင်းဆက်လက်တိုက်ခိုက်ခံရပါကအလံရွက်သည်တွန့်လိမ် ကောက်နေ ပြီး စပါးနှံများမထွက်နိုင်ဘဲဖြစ်နေတတ်သည်။ စပါးစေ့များ အဆံအရောင် ပြောင်းကာ တွန့်လိမ်နေတတ်ပြီး စပါးနှံများမထွက်နိုင်ဘဲတစ်လစ်ဖြစ်နေတတ်သည်။ အနှံထွက် လာ လျှင် ပုံမှန်ထက် သေးပြီး အစေ့များ အဆန်မတည်ဖြစ်နေသည်ကို တွေ့ရမည်။ မျိုးစေ့ဆောင် ရောဂါဖြစ်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- မျိုးစေ့ဆောင်နီမတုတ် ဖြစ်သည်။
- မျိုးစပါးအား ဆားရည်စိမ် မျိုးရွေးချယ်ပြီးမှ စိုက်ပျိုးပါ။ ဆားရည်စိမ်ပြီးသော စပါးမျိုးများကို ရေထပ်ဆေး ရန်လိုအပ်ပါသည်။
- မျိုးစပါးများအား ရေအေးတွင် ၁၈-၂၄ နာရီစိမ်ပြီးနောက် အပူချိန် ၅၁-၅၃ °C ရှိသော ရေထဲတွင် ၁၅ မိနစ်ခန့်စိမ်စိုက်ခြင်းသည် ထိရောက်သောနှိမ်နင်းခြင်း ဖြစ်သည်။